Chin National Front
General Headquarters
CHINLAND

# CDCCနှင့် CHRC တို့၏ လုပ်ရပ်အပေါ် ချင်းအမျိုးသားတပ်ဦး၏ သဘောထားထုတ်ပြန်ချက်

ချင်းအမျိုးသားတပ်ဦးသည် ဒီမိုကရေစီနှင့် စစ်အာဏာရှင်စနစ် ဖြုတ်ချရေးအတွက် ရှန်းကန်လှုပ်ရှားနေ သောအဖွဲ့အစည်းတရပ်ဖြစ်သည်။ ဤတော်လှန်ရေးကို ဆင်နွဲရာတွင် တရားမျှတမှုရှိပြီး နည်းစနစ်ကျသောအဖွဲ့အစည်းဖြစ်နိုင်ရေးအတွက် ပါတီဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၊ ပါတီနည်းဥပဒေ၊ စစ်ဖက်ဆိုင်ရာ လမ်းညွှန်ဥပဒေနှင့် အခြားသော စည်းမျဉ်းစည်းကမ်းများ ရေးဆွဲပြဋ္ဌာန်းကျင့်သုံး၍ ရပ်တည်လာခဲ့သည်။

ဤဥပဒေပြဋ္ဌာန်းချက်များအရ တော်လှန်ရေးထမ်းဆောင်သူများနှင့် ပြည်သူလူထုများအနေဖြင့် တရားဥပဒေကြောင်းလမ်းနှင့်အညီ ၎င်းတို့၏ အခွင့်အရေးများကို မှန်ကန်စွာ ကျင့်သုံးနိုင်ရန် အာမခံချက်များပေး၍ ကာကွယ်စောင့်ရှောက်ပေးသည်။

အခက်အခဲမျိုးစုံကြားမှ ရှန်းကန်လှုပ်ရှားနေချိန်တွင် ရန်သူ့ထံသတင်းရောင်းစားသူများကဖြစ်စေ၊ ဒီမိုကရေစီလမ်းစဉ်ကို သွေးဖီ၍ ဖောက်ပြန်သော အယူအဆလက်ကိုင်ထားသူများကဖြစ်စေ၊ ဘုံရန်သူစစ်အုပ်စုကို တိုက်ခိုက်ရမည့်အစား မိမိတို့ဒီမိုကရေစီအင်အားစုများအတွင်း အဖျက်သဘောဆောင်သောလုပ်ငန်းရပ်များ ပြုလုပ်လာကြကြောင်း ဝမ်းနည်းဖွယ်တွေ့ရှိရသည်။ ဤသို့အဖျက်လုပ်ရပ်များပြုလုပ်ရာတွင် Chin Dignity Control committee (CDCC)နှင့် Chin Human Rights Committee (CHRC) ဟူသော အဖွဲ့နာမည်များကို အသုံးပြု၍ လှုပ်ရှားမှုများ ပြုလုပ်လာခဲ့ကြသည်။ ထိုအဖွဲ့များသည် ၎င်းတို့အဖွဲ့၏ ရည်မှန်းချက် ပန်းတိုင်နှင့် လုပ်ငန်းစဉ်ပန်းတိုင်များကိုငင်း၊ အဖွဲ့ဝင်အမည်များကိုငင်း။ ပြည်သူလူထုထံ ထုတ်ပြန်၍ ဖြန့်ဝေခြင်းမပြုလုပ်ရဲပဲ။ ခိုးကြောင်ခိုးဝှက်ပြုလုပ်နေကြပါသည်။ ဤလုပ်ရပ်များသည် စစ်အုပ်စု၏ လက်ကိုင်တုတ် ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း (ကြံ့/ဖွံ့) လှုပ်ရှားမှုအသွင်ကို ဦးတည်သောကြောင့် ချင်းအမျိုးသားတပ်ဦးအနေဖြင့် အချောင်သမား လူစုလူဖွဲ့ (ပြည်ပ ကြံ့/ဖွံ့) အဖြစ် ရှုမြင်သုံးသပ်ပါ သည်။

ဤသို့ဖြင့် အမျိုးသားရေးလုပ်ငန်းများ အရှိန်မြှင့်တင်၍ အားသစ်လောင်း ချီတက်နေချိန်တွင် အချို့သောနေ ရာများ၌ အမြင်ချင်းမတူသောလုပ်ငန်းများရှိနိုင်ပါသည်။ ၎င်းအမြင်များကို အထက်ဖေါ်ပြပါတရား ဥပဒေများက အာ မခံချက်ပေးထားသောအခွင့်အရေးများကို အသုံးပြု၍ တိုင်တန်းတင်ပြဆွေးနွေးခြင်းများကို လိုက်လံ့စွာ ကြိုဆိုလျှက်ရှိကြောင်း အများအသိပင်ဖြစ်သည်။ သို့သော် (CDCC)နှင့် (CHRC)တို့သည် မိမိတို့ချင်းလူ့အဖွဲ့အစည်း၏ ဘုံအကျိုးစီးပွါးကို ဆန့်ကျင်သော အခြေအမြစ်မရှိသည့် လုပ်ကြံသတင်းများကို ရေးသား၍ အချို့သော အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် လူမှုရေးအဖွဲ့အစည်းများထံ ဖြန့်ဝေခြင်း၊ ဘဏ္ဍာငွေအကူအညီတောင်းခံခြင်းများပြုလုပ်ကြကြောင်း သိရှိရပါသည်။

သို့ဖြစ်ပါ၍ ဤလုပ်ရပ်များအပေါ် သက်ဆိုင်ရာ အဖွဲ့အစည်းများ၊ (NGOs) အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့အစည်းများနှင့် မဟာမိတ်အဖွဲ့အစည်းများအနေဖြင့် အဖြစ်မှန်လေ့လာ သုံးသပ်ခြင်းများပြုလုပ်ပြီးနောက် ချင်းအမျိုးသားများအရေးကို အလေးအနက်ထား၍ ၎င်းတို့နှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ အားပေးမှုများ မပြုလုပ်ရန် မေတ္တာရပ်ခံအပ်ပါသည်။

**ဗဟိုကော်မီတီ**
**ချင်းအမျိုးသားတပ်ဦး၏**
၁၉၉၉ ခုနှစ်၊ ဧပြီလ (၁၄)ရက်။